**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq. org

## (၇၂)ကြိမ်မြောက် ကရင်အမျိုးသား တော်လှန်ရေးနေ့သို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူးတူးစေးဖိုးမှ ပေးပို့သော သဝဏ်လွှာ

၂၇၆၀ ခုနှစ်၊သလေ လဆုတ် (၄)ရက်
ခရစ်နှစ် ၂၀၂၁၊ ဇန္နဝါရီလ (၃၁) ရက်

မျိုးချစ် ခုခံတော်လှန်ရေးသမားများနှင့် ပြည်ထောင်စုဖွားအပေါင်းတို့

ယနေ့သည် (၇၂)ကြိမ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့ဖြစ်ပါသည်။သမိုင်းတလျှောက်တွင် ကရင်အမျိုးသားများသည် မိမိတို့၏ အမျိုးသားများအတွက် ခုခံတော်လှန်ရေးကို ပထမဦးဆုံးအကြိမ် စည်းစည်းလုံးလုံးဖြင့် ဆင်နွှဲခဲ့ကြသော နေ့ဖြစ်ပါသည်။ ယနေ့ (၇၂)ကြိမ်မြောက် ကရင်အမျိုးသားတော်လှန်ရေးနေ့တွင် ခုခံ တော်လှန်ရေးကာလ တလျှောက်လုံး အမျိုးသားရေးတာဝန်များနှင့် နိုင်ငံငြိမ်းချမ်းရေးအတွက် ထမ်းဆောင်ရင်း အသက်၊သွေး၊ချွေး၊ခန္ဓာကိုယ်နှင့် စည်းစိမ် ဥစ္စာများကို စွန့်လွှတ်ပေးဆပ်ခဲ့ကြ သော ကရင်အမျိုးသားများ၊ ကရင်အမျိုးသားခေါင်းဆောင်များ၊ တပ်ဗိုလ် တပ်မှူးများ၊ စစ်သည်တော်များနှင့် ပြည်ထောင်စုဖွား ညီရင်းအစ်ကို မောင်နှမများအားလုံးကို လေးစားအသိအမှတ်ပြုအပ်ပါသည်။ ထိုနည်းတူ ကရင်အမျိုးသားခေါင်းဆောင်များ၊ စစ်သည်တော်များနှင့် ကရင်အမျိုးသားထုတစ်ရပ်လုံးအား ဥစ္စာနေအပြင် ကိုယ်စိတ်နှစ်ဖြာကျန်းမားချမ်းသား လျက် ရန်သူမျိုးအပေါင်းမှ ကင်းဝေးပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယနေ့ မိမိတို့ နေထိုင်နေကြသော ပြည်ထောင်စုကြီးသည် မတူကွဲပြားလျက်ရှိသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အုပ်ချုပ်ပိုင်ထိုက်သော အမွေအနှစ်ကြီးဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား များသည် မိမိတို့ နှင့်သက်ဆိုင်ရာ ပြည်နယ် နှင့် ဒေသများတွင် မှီတင်နေထိုင်နေကြသကဲ့သို့ ရောနှောနေထိုင် မှုများလည်းရှိပါသည်။ ဤ ပြည်ထောင်စုကြီးတွင် မိမိတို့ ကရင်မျိုးသားများအပြင် အခြားသော လူမျိုးများသည် လည်း မတူကွဲပြာသော လူမျိုးများဖြစ်ကြသည့် နည်းတူ မိမိတို့၏ မတူကွာပြားလျက်ရှိသော အမျိုးသားလက္ခဏာ ရပ် များကို ထိန်းသိမ်းစောင့်ရှောက်ပြီး လွတ်လပ်မှု၊ တန်းတူမှုအပြင် တရားမျှတမှု နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝဖြင့် ပြည်ထောင်စုကြီးတွင် အခြားသော လူမျိုးများနှင့်အတူတကွ အေးအေးချမ်းချမ်း နေထိုင်လိုပြီး ဘက်စုံ ဖွံ့ ဖြိုးတိုးတက်သော ဘဝကို ပိုင်ဆိုင်လိုကြပါသည်။

သမိုင်းတစ်လျှောက်တွင် ကရင့်အမျိုးသားများသည် မိမိတို့၏ နေထိုင်ရာ အရပ်ဒေသ၌ ပင် မတရားမှုများနှင့် ဖိနှိပ်အုပ်ချုပ်မှုများကို ဘက်ပေါင်းစုံမှ ရင်ဆိုင်လာခဲ့ရသောကြောင့် လူမျိုးတစ်မျိုးကဲ့သို့ ရှင်သန် တိုးတက်နိုင်ရန် ကိုယ်ပိုင်ပြဌာန်း အုပ်ချုပ်ပိုင်ခွင့်ရှိသော ပြည်နှင့် လည်းကောင်းပြည်၏ ပြင်ပတွင် ရှိသော ကရင့် အမျိုးသားများသည်လည်း မိမိတို့၏ နေထိုင်ရာ အရပ်ဒေသတွင် တန်းတူညီမျှသော အခွင့်အရေးနှင့် ကိုယ်ပိုင် ပြဌာန်းခွင့်များကို လိုလားကြပါသည်။ တစ်ချိန်တည်းမှာပင်၊ လွတ်လပ်မှုတန်းတူမှုနှင့် တရားမျှတမှုအပေါ်တွင် အ ခြေခံသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို တည်ထောင်လိုပြီး မတူကွဲပြားလျက် ရှိသော လူမျိုးတိုင်းအတွက် အမျိုးသားတန်းတူရေး၊ကိုယ်ပိုင်ပြဌာန်းခွင့် နှင့် ဒီမိုကရေစီရေးကို အာမခံမှုများ ပေးနိုင်သော ပြည်ထောင်စုကြီး ကို တည်ထောင်လိုကြပါသည်။ပြည်ထောင်စုကြီးရှိ မတူကွဲပြားလျက်ရှိသော လူမျိုးများ၏ ဂုဏ်အင်္ဂါလက္ခဏာ ရပ်များနှင့် အခွင့်အရေးများကို လေးစားအသိအ မှတ်ပြုစေလိုကြပါသည်။

ကရင်အမျိုးသားများသည် မိမိတို့ ကရင့်အမျိုးသားများ၏ လိုအင်ဆန္ဒများကို ငြိမ်းချမ်းသော လမ်းစဉ်ဖြင့် ပြီးပြည့်စုံစေရန် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက် နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး နိုင်ငံရေးအရ ဦးဆောင်မှုကို အပ်နှင်းခဲ့ကြပါသည်။ သို့ရာတွင် ကရင် အမျိုးသားများ၏ လိုအင်ဆန္ဒများနှင့် တောင်းဆိုမှုများကို နည်းမှန်လမ်းမှန် လေးစားအသိအမှတ်ပြု ခဲ့ကြခြင်း မရှိသည့်အပြင် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပေါ်လာရေးအတွက် လက်နက်ဖြင့် စစ်ရေးအရ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ကြသောကြောင့် နောက်ဆုံးတွင် ကရင်အမျိုးသား များ၏ နိုင်ငံရေးရပ်တည်ချက်များနှင့် ကရင်အမျိုးသားများ၏ လိုအင်ဆန္ဒများကို ပြီးပြည့်စုံစေရန် ၁၉၄၉ ခုနှစ် ဇန္နဝါရီလ(၃၁)ရက်နေ့တွင် မတတ်သာသည့် နောက်ဆုံး လက်နက်ကိုင်ခုခံတော်လှန်ရေးကို ဆင်နွှဲခဲ့ကြရပါ သည်။ လက်နက်ကိုင် ခုခံတော်လှန်ရေးကြီး (၇၂) နှစ်အတွင်းစစ်ပွဲများကြောင့် ပျက်စီးဆုံးရှုံးမှုများ၊အသက်နှင့်ခန္ဓာ အမြောက် အများအပြင် စစ်ရေးအရ အနိုင်ပိုင်းရရှိနိုင်ရန် လူသားမဆန်မှုများအပြင် မပြုသင့်မပြုအပ်သော ဘက်စုံ လုပ်ဆောင်မှု အမျိုးမျိုးကြောင့် စစ်ရေးနှင့် ပတ်သက်ဆက်စပ်မှု မရှိသော မိမိတို့ ကရင်အမျိုးသား များ သေ ကြေပျက်စီးမှုများ၊မိမဲ့ ဘမဲ့ မုဆိုးမများ၊ပြည်တွင်းနေရပ် စွန့်ခွါထွက်ပြေးရသူများ၊ဒုက္ခသည်များသည့်အပြင် ဘဝ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ထိုကဲ့သို့သော ဘဝဒုက္ခများကြောင့် နှစ်ဖက်အကြား အမုန်းပွါးမှုများ၊ နာကြည်းမှုများနှင့် မယုံသင်္ကာမှုများလည်း အမြစ်တွယ်ခဲ့ရပါသည်။

ခုခံတော်လှန်ရေး(၇၂)နှစ်အတွင် ကရင်အမျိုးသားခေါင်းဆောင်များ၊စစ်သည်တော်များအပြင် မရေ မတွက်နိုင်သော ပြည်သူလူထု၏ အသက်ခန္ဓာများ၊သွေးချွေးများကို ပေးဆပ်ခဲ့ကြရပါသည်။တစ်ချိန်တည်းမှာပင် ခုခံတော်လှန်ရေး(၇၂)နှစ်အတွင်း ကရင်အမျိုးသားများအတွင်းအပစ်တင်ဝေဖန်မှုများ၊ စိတ်ဝမ်းကွဲပြားမှုများ၊ ရန်လိုမှုအပြင် လက်နက်ကိုင်တိုက်ခိုက်ခဲ့မှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

အမျိုးသားရေး တာဝန်ကို ပေးအပ်ထားသည့်အတိုင်း ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ၁၉၄၇ ခုနှစ်တွင် ငြိမ်းချမ်းသော နည်းဖြင့် ဦးဆောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် လက်နက်ကိုင်ခုခံတော်လှန်ခဲ့ကြရ

သည့် အချိန်မှာ (၇၂) နှစ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ နိုင်ငံရေး ရပ်တည်ချက်များနှင့် ကရင့်အမျိုးသားများ၏ လိုအင်ဆန္ဒများကို ပြီးပြည့်စုံစေရန် မဖြစ်မနေ လက်နက်ကိုင် ခုခံ တော်လှန်နေကြရသောလည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေး အရ အဖြေရှာခြင်းသည်သာလျှင် အကောင်းဆုံး သော နည်းလမ်းဖြစ်သည်ဟု ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ကေန်မုချ ယုံကြည်လက်ခံ ထားပါသည်။ ယုံကြည်ချက်အတိုင်း အစိုးရ အဆက်ဆက် နှင့် အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးနိုင်ရန် တောင်းဆိုခဲ့ပါသည်။ သို့သော် လွန်ခဲ့ပြီသော အစိုးရများမှ သဘောတူလက်ခံခဲ့ ခြင်း မရှိခဲ့ပေ။ သည့်အပြင် လက်နက်ဖြင့် အင်အားသုံးကာ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင့်အမျိုးသား များ၏ ကြိုးပမ်းအားထုတ်မှုများ ပျက်သုန်းရေးကိုသာ ဦးတည်လုပ်ဆောင်ခဲ့ကြပါသည်။စစ်ရေးအရ ထိုးစစ် မျိုးစုံကို ဆင်နွှဲခဲ့ကြပါသည်။ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ခေါင်းဆောင်များမှ အစိုးရ အဆက်ဆက်၏ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအရ အတွေ့ဆုံဆွေးနွေးမှုပြုတိုင်း လက်နက်ချ အညံ့ခံရေး တောင်းဆိုမှုများကိုသာ တစိုက်မတ်မတ် တောင်းဆိုခဲ့သောကြောင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ မဖြစ်ပေါ်ခဲ့ပေ။

၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန် သမ္မတ အဖြစ်တာဝန်ယူချိန်မှစ၍ တိုင်းရင်းသားလက်နက်ကိုင် ခုခံတော်လှန်ရေး အဖွဲ့အစည်းများနှင့် အစိုးရကြား အပစ်ခတ်ရပ်စဲခဲ့ကြပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက် နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့မှုများ ပြုလုပ်ခဲ့ပါသည်။ လက်နက်ကိုင်ပဋိပက္ခသည် နိုင်ငံရေး ပဋိပက္ခ ဖြစ်သောကြောင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု နည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဟု သဘောတူညီချက်များ ရရှိခဲ့ ပါသည်။ ထို တွေ့ဆုံဆွေးနွေးမှုများမှ တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ရရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅ )ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း အချို့ နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ပြည်တွင်းပြည်ပ အသိသက်သေများ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းတွင် ဤ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူ စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် အစိုးရအကြား ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ထူထောင်သွားရန် သဘောတူညီမှုရ ရှိသည့် ပထမဦးဆုံးသော သဘောတူ စာချုပ်ဖြစ်ပါသည်။

ယခင်က လက်နက်ကိုင်တိုက်ခိုက်ကြသူများအကြားတွင် လက်နက်ဖြင့် အပြန်အလှန် တိုက်ခိုက်နေကြ ချိန်တွင် မည်သည့် သဘောတူညီချက်များကိုမှ မရရှိခဲ့ကြပေ။မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်ရန် လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြသည့် နည်းလမ်းများကိုသာ အသုံးချခဲ့ကြသည်။တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲ ရေး သဘောတူစာချုပ်သည် အပစ်အခတ်ရပ်စဲရေး အတွက် သက်သက်သာလျှင်မဟုတ်ပဲ ဖက်ဒရယ် ဒီမိုကရေစီစနစ် ကိုနိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ရလဒ်များနှင့်အညီ တည်ဆောက်ရန်သဘောတူထားရှိပါသည်။

အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး နှင့် တိုင်းရင်းသား ဒေသ များတွင် လက်နက်ကိုင်တိုက်ပွဲများ လျော့နည်းလာပါသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ၏ လုပ်ငန်းလမ်းညွှန်ချက်များနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေးမူဘောင်တွင် အမျိုးသား အဆင့် နိုင်ငံရေး တွေ့ ဆုံဆွေးနွေးရေး လုပ်ငန်းများသည် သက်ဆိုင်ရာ တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ရင်ဆိုင်နေရသော ပြဿနာ အခက်ခဲများနှင့် အနာဂတ်ရည်မှန်းချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းရေးသားထားရန် အခွင့်အလမ်းများအပြင် မတူကွဲပြားလျက်ရှိသော လူမျိုးများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ပြီး အေးအေးချမ်းချမ်းနှင့် အတူတကွ မှီတင်နေထိုင်နိုင်သော ပြည်ထောင်စုကြီး ကို တည်ဆောက်နိုင်မည့် အခွင့်အရေးများဖြစ် ပါသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုပြီး (၅)နှစ်အတွင်း တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည် ဖော်ဆောင် ရေး လုပ်ငန်းစဉ်များဖြစ်သည့် အပစ်အခတ်ရပ်စဲရေး ခိုင်မာရေးနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး လုပ်ငန်း များသည် များပြားလှသော သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ မျှော်မှန်းချက်၊ ရပ်တည်ချက်၊ အမြင်နှင့် သဘောထားများကြောင့် မျှော်မှန်ထားသည့်အတိုင်း ဆွေးနွေးမှုများ မရှိခဲ့ပေ။ အခက်ခဲ အခြေအနေနှင့် အတားအဆီး များရှိခဲ့ပါသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ် များတွင် သဘောတူညီချက်များဖြစ်သည့် အပြန်အလှန်လေးစား အသိအမှတ်ပြုမှုအပြင် တန်တူရည်တူမှုများ အတိုင်း လိုက်နာလုပ်ဆောင်ခြင်းများမရှိခြင်း။ သင့်တင့်မျှတမှုနှင့် လိုက်လျော်ညီထွေမှုများ မရှိခြင်းကြောင့် အပစ်အခတ်ရပ်စဲရေး ခိုင်မာရေးအတွက် တွေ့ဆုံဆွေးနွေးမှုများနှင့် လုပ်ဆောင်မှုများ၏ ရလဒ်ကောင်းများ မရရှိခဲ့ပေ။ စာချုပ် သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ပြီး ကရင်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များကို အကောင်ထည်ဖော်ဆောင်နိုင်ရန် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် နည်းလမ်းမျိုးစုံ ဖြင့် ကြိုးစားအားထုတ်လျှက်ရှိရာ နောက်ဆုံးတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန် အကောင်အထည် ဖော်ဆောင်နိုင်ရန် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် တရားဝင် တွေ့ဆုံမှုများကို ယာယီရပ်ဆိုင်းထားပြီး အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများဖြင့် ကြိုးစားအားထုတ် ခဲ့ပါသည်။

အစိုးရ၊တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အစည်းများ အကြားအလွတ်သ ဘော တွေ့ဆုံဆွေးနွေးမှုများတွင် သဘောတူညီချက်များ ပြန်လည်ရရှိလာပြီး ၂၀၂၀ ခုနှစ် ဇန္နဝါရီလ တွင် တရားဝင်တွေ့ဆုံဆွေးနွေးမှုများကို ပြန်လည် စတင်ခဲ့ပါသည်။ ထိုတရားဝင်တွေ့ဆုံဆွေးနွေးမှုများမှ တဆင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ၊စတုတ္ထကြိမ်၊ ၂၁ ရာစုပင်လုံညီလာခံကို ကျင်းပခဲ့ပြီး ပြည်ထောင်စု သဘောတူစာချုပ် အပိုင်း(၃) ကို ရရှိခဲ့ပါသည်။ ပြည်ထောင်စုသဘောတူစာချုပ်၊ အပိုင်း(၃) ဖြစ်သည့် အပစ် အခတ်ရပ်စဲရေး အကောင်အထည်ဖော်ဆောင်ရေးမူဘောင်နှင့် ၂၀၂၀ အလွန် ဖက်ဒရယ် ဒီမိုကရေစီ

ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အချက်များ၊ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ အဆင့်များ ၊ ပြည်ထောင်စုကို ဖက်ဒရယ်ဒီမိုကရေစီစနစ် အခြေခံမှုပေါ်တွင် တည်ဆောက်ရေးအပြင် အခြေခံ လမ်းညွှန်မှုများကို ရရှိခဲ့ပါသည်။အနာ ဂတ်ပြည်တွင်ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်ရေး ဆိုင်ရာ သဘောတူညီချက်များဖြစ်ပါသည်။

တစ်နိုင်ငံလုံးပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်အတိုင်း အပစ်အခတ်ရပ်စဲရေး ခိုင်မာရေးအတွက် သက်ဆိုင်ရာ နှစ်ဖက်တပ်များ တွေ့ဆုံဆွေးနွေးရန် မစတင်နိုင်သေးသည့်အချိန်တွင် သက်ဆိုင်ရာ နှစ်ဘက်တပ်များမှ မိမိတို့တပ်များ၏ ရပ်တည်ချက်များ၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များကြောင့် ကေအဲန်ယူ-ကရင်အမျိုး သားအစည်းအရုံး၏ နယ်မြေအစိတ်အပိုင်းအချို့တွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလာပြီး ဒေသခံပြည်သူ လူထုများမှ အသက်အွန္တရာယ်နှင့် စိုးရိမ်ကြောက်ကြမှုများကြောင့် မိမိတို့၏ ရပ်ရွာနှင့် အိုးအိမ်စည်းစိမ်များကို စွန့်လွှတ်ကာ တောတောင်များတွင် ထွက်ပြေးတိမ်းရှောင်နေကြရပြီး ပြည်တွင်းနေရပ်စွန့်ခွါ ပုန်းရှောင်သူများအဖြစ် ရပ်တည်နေကြရပါသည်။ဤ ပဋိပက္ခ ပြဿနာများကို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်၏ လမ်းညွှန်ချက်များအတိုင်း တွေ့ဆုံဆွေးနွေးခြင်းဖြစ်သာလျင် အဖြေရှာနိုင်မည်ဖြစ်ပါသည်။ ဤ ပဋိပက္ခများကြီးထွားကျယ်ပြန့်လာခြင်း မရှိစေရန် တာဝန်ရှိသူများ အနေဖြင့် ညှိနှိုင်းဆွေးနွေးပြီး အဖြေရှာကြရပါမည်။

ကရင့်အမျိုးသားခုခံတော်လှန်ရေး၏ အန္တိမ ရည်ရွယ်ချက်ပန်းတိုင်သည် ပြည်ထောင်စု ကြီးကို ဖက်ဒရယ် ဒီမိုကရေစီစနစ်၏ အခြေခံမှုပေါ်တွင် တည်ဆောက်ခြင်းမှ တဆင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ကို တည်ဆောက်ရန်ဖြစ်ပါသည်။ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးကြီး၏ ရည်မှန်းချက်အတိုင်း ကရင့်အမျိုးသားအဖွဲ့အစည်းများ ကရင်အမျိုးသားများ နှင့် မတူကွဲပြားလျက်ရှိသော တိုင်းရင်းသားညီရင်းအစ်ကို မောင်နမအားလုံး မိမိတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍ များတွင် ပါဝင်ပူးပေါင်းလုပ်ဆောင်ကြရန် အရေးကြီးပါသည်။

သဘောတူစာချုပ်၏ လမ်းညွှန်ချက်များအတိုင်းအကောင်အထည်ဖော်ဆောင်ရမည့် အချက်များစွာ ကျန်ရှိနေပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးများတွင် သက်ဆိုင်ရာ လူမျိုးများနှင့် အဖွဲ့အစည်းအားလုံး ပါဝင်နိုင်ခြင်းမရှိသေးပေ။ ပြည်တွင်းငြိမ်းချမ်းရေးသည် ပြည်ထောင်စုကြီးအတွင်း မှီတင်နေထိုင်နေကြသော လူမျိုးအားလုံးအပြင် ပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် သက်ဆိုင်နေသောကြောင့် ဤ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး ပါဝင်ပူးပေါင်းလုပ်ဆောင်ကြရန် အရေးကြီးပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် နိုင်ငံရေး တွေ့ဆုံ ဆွေး နွေးမှုများတွင် ပါဝင်ပတ်သက်နေကြသော ခေါင်းဆောင်များအနေဖြင့် စိတ်ရှည်သည့် ခံခြင်း၊အမျှော်အမြင်ကြီးမားခြင်း၊ထိုးထွင်းကြံဆနိုင်ခြင်း အပြင် ပါဝင်ပတ်သက်သူ ဘက်အားလုံး၏ အကျိုးစီးပွားနှင့် စာချုပ်၏ ရည်မှန်းချက်

အတိုင်း ပြီးပြည့်စုံစေရန်အတွက် အခက်အခဲနှင့် အတားအဆီးများကို ကျော်လွှားပြီးအဖြေရှာနိုင်ရန် လိုအပ်ပါသည်။

တချိန်တည်းမှာပင် မိမိအနေဖြင့် အစိုးရ နှင့်တပ်မတော်ခေါင်းဆောင်ကြီးများအား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ပါ သဘောတူညီချက်များအတိုင်း တွေ့ဆုံဆွေးနွေးမှုများမှ တဆင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ လွတ်လပ်မှုနှင့် တန်းတူရည်တူမှု အခြေခံမှုအပေါ်တွင် အဖြေရှာကြပြီး စိတ်ရင်းစေတနာအပြည့်ဖြင့် ပြည်ထောင်စုကြီးကို မတူကွဲပြားလျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ နှင့် ပြည်သူလူထုတရပ်လုံး၏အကျိုးစီးပွား အပြင် ငြိမ်းချမ်းရေးအတွက် ကြိုးစားတည်ဆောက်သွားရန် တိုက်တွန်းလိုက်ပါသည်။ထိုနည်းတူစွာပင် မိမိအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ ဝင် နိုင်ငံများနှင့် ငြိမ်းချမ်းရေးအဖွဲ့ အစည်းများမှ မိမိတို့ ပြည်ထောင်စုကြီး၏ နိုင်ငံရေး ပဋိပက္ခများအား ဖြေရှင်းနိုင်ရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေး အတွက် သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် မိမိတို့ ပြည်ထောင်စုကြီး၏ အခြေအနေ နှင့် ကိုက်ညီသော ပံ့ပိုးကူး ညီမှုများဖြင့် စိတ်ရင်းစေတနာ အမှန်ဖြင့် ပါဝင်ကူညီကြရန်တိုက်တွန်းလိုပါသည်။

နိဂုံးချုပ် အနေဖြင့် ယနေ့ (၇၂) ကြိမ်မြောက် ကရင်အမျိုးသားခုခံတော်လှန်ရေးနေ့ အခါသမယ တွင် မတူကွဲပြားလျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ပြည်သူလူထုတရပ်လုံး၏ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး နှင့် အကျိုးစီးပွားအပြင် နောင်လာနောင်သားများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ စစ်မှန်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်ရန် မိမိတို့ ကရင်အမျိုးသားအားလုံး၊တိုင်းရင်းသားပြည်သူလူထု တရပ်လုံးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအလုံးစုံအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်တက်ကြွကြွ ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပြီး မိမိတို့ ကရင့် အမျိုးသား ခေါင်းဆောင်များ၊တပ်ဗိုလ် တပ်မှူးများ၊စစ်သည်တော်များ၊ လုပ်ဖော်ဆောင်ဖက် များနှင့် ကရင့်အမျိုးသားထုတရပ်လုံးအား မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျေးဇူးအထူးတင်ပါသည်။

(၇၂) ကြိမ်မြောက်ကရင့်အမျိုးသားတော်လှန်ရေးနေ့